NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

**မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ချဉ်းကပ် ဆောင်ရွက်နေမှုအပေါ်**
**အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ သဘောထား ထုတ်ပြန်ချက်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၄) ရက်

၁။ လက်ရှိ မြန်မာနိုင်ငံတွင် လက်နက်အားကိုးဖြင့် နိုင်ငံနှင့် ပြည်သူလူထုအပေါ် အနိုင်ကျင့် နှိပ်စက်လျက်ရှိသော အကြမ်းဖက် စစ်အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းရေးအတွက် ပြည်သူ တရပ်လုံးက တော်လှန်နေသော ကာလဖြစ်သည်။

၂။ မြန်မာနိုင်ငံတွင် ကာလရှည်ကြာ ပြည်တွင်းစစ်နှင့် လက်ရှိ အကြပ်အတည်းများ၊ မတည်ငြိမ်မှု များ ဖြစ်ပေါ်နေရခြင်းသည် ခေတ်အဆက်ဆက် စစ်အာဏာရှင်များက တိုင်းရင်းသား ပြည်သူလူထု၏ ဆန္ဒကို မျက်ကွယ်ပြုကာ စစ်အာဏာရှင်စနစ်အောက် သွတ်သွင်းအားထုတ်နေမှုများကြောင့် ဖြစ်သည် ကို အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ထားပြီး ဖြစ်သည်ဟု ယုံကြည် ပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သားအစိုးရထံမှ နိုင်ငံတော်အာဏာကို ဥပဒေမဲ့ လုယူပြီးနောက် တိုင်းပြည်အား ထိန်းချုပ်နိုင်ရန်အတွက် အကြမ်းဖက်စစ်ကောင်စီအနေနှင့် ပြည်သူလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကြမ်းဖက်ဖမ်းဆီးမှုများ၊သတ်ဖြတ်မှုများ၊ လူသားမျိုးနွယ် အပေါ်ကျူးလွန်သောရာဇဝတ်မှုများနှင့်စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်ကိုလည်း တရုတ်နိုင်ငံအနေနှင့် မျက်ဝါးထင်ထင် တွေ့မြင်လျက်ရှိသည်ဟု ယုံကြည်ပါသည်။

၄။ လက်ရှိမြန်မာ့အရေးတွင် တရုတ်နိုင်ငံ၏ ချဉ်းကပ်ဆောင်ရွက်နေမှုများကို သုံးသပ်ရာ၌ အကြမ်းဖက်စစ်ကောင်စီနှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများကိုသာ တွေ့ရှိ နေရပြီး ထိုသို့ ဆောက်ရွက်နေခြင်းများသည် မြန်မာပြည်သူများ၏ သဘော ဆန္ဒကို မျက်ကွယ်ပြုရာ ရောက်သည့်အပြင် မြန်မာ့နိုင်ငံရေး ပြဿနာကို ကူညီဖြေရှင်းရာမရောက်ဘဲ ပြည်တွင်းရေး ပြဿနာ များကို ပိုမိုရှုပ်ထွေးစေပြီး ပြည်သူများ၏ ဆင်းရဲဒုက္ခကို ကြာရှည်စေနိုင်ပါသည်။ ထို့အပြင် မြန်မာပြည် သူများ၏စိတ်နှလုံးကို ထိခိုက်စေပြီး နှစ်နိုင်ငံတည်ဆောက်ထားခဲ့သည့် ပြည်သူအချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှုနှင့် လက်ရှိအကျိုးစီးပွား၊ ရေရှည်အကျိုးစီးပွားအတွက် ကြီးစွာထိခိုက်လျက် ရှိသည် ကို သတိပေးလိုပါသည်။ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် တရုတ်နိုင်ငံ၏ ရေရှည် အကျိုးစီးပွား ဖြစ်ထွန်း မှု အတွက် မြန်မာပြည်သူများကသာ အာမခံချက် ပေးနိုင်မည် ဖြစ်ပြီး အကြမ်းဖက် စစ်ကောင်စီက အာမခံချက် ပေးနိုင်မည် မဟုတ်သည်ကို တရုတ်နိုင်ငံအနေဖြင့် သဘော ပေါက်ရန် လိုအပ်သည်။

၅။ မြန်မာပြည်သူများအား စစ်ကောင်စီက နည်းမျိုးစုံဖြင့် ညှင်းပန်း နှိပ်စက် သတ်ဖြတ်ရာတွင် အသုံးပြုနေသည့် စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် စစ်ထောက်လှမ်းရေး

ဆိုင်ရာကိစ္စရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် အကြမ်းဖက် စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကို ရပ်တန့်ရန် လိုအပ်သည်။

၆။ အကြမ်းဖက် စစ်ကောင်စီအနေနှင့် အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်ကို လက်ခံသဘောတူခဲ့သော်လည်း အကောင်အထည်ဖော်ရာ၌ လက်တွေ့လိုက်နာရန်ဆောင်ရွက်ခြင်း မရှိသည့်အခြေအနေတွင် ယခုကဲ့သို့ တရုတ်နိုင်ငံ၏ အကြမ်းဖက် စစ်ကောင်စီအပေါ် ပံ့ပိုးရာ ရောက်သည့်ဆက်ဆံဆောင်ရွက်ခြင်းများသည် စစ်ကောင်စီက မြန်မာပြည်သူများအပေါ် ဆက်လက် အနိုင်ကျင့်ဖိနှိပ်ရန်အတွက် အားပေးကူညီနေသကဲ့သို့ ဖြစ်နေပါသည်။

၇။ တရုတ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာဖြင့် မြန်မာ့အရေးကို ပြေလည်စေလိုပြီး မြန်မာနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံ၏ အကျိုးစီးပွားများနှင့် နှစ်နိုင်ငံ ရေရှည်အကျိုးစီးပွားကို ထိန်းသိမ်းဆောင်ရွက်ရန် အမှန်တကယ် ဆန္ဒရှိပါက မြန်မာပြည်သူများ၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်သည့်ဆောင်ရွက်မှုများကို အထူး သတိပြု ရှောင်ရှားရန် လိုအပ်ပါသည်။

၈။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွား အများဆုံးနှင့် ပထဝီ အနေအထားအရ အရေးပါသည့် အိမ်နီးချင်းနိုင်ငံတနိုင်ငံဖြစ်သည်နှင့်အညီ လက်ရှိ မြန်မာ့အရေးကို ဖြေရှင်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ အရေးပါမှုကို မိမိတို့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) က အသိအမှတ်ပြုသည်။

၉။ NUCC သည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မြေပြင်အဖွဲ့အစည်းအင်အားစုများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ၊ အလုပ်သမားသဂ္ဂများ၊ ကြားကာလပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့အစည်းများ/ကော်မတီများ၊ အလုပ်ရှင်အဖွဲ့အစည်းများအားလုံး၏ ကိုယ်ပိုင်ဆန္ဒဖြင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့် အာဏာရှင်စနစ်မှန်သမျှ ကင်းစင်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရန် သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အနာဂါတ်သည် ဖက်ဒရယ်ဒီမိုကရေစီ လူ့အဖွဲ့အစည်း ဖြစ်သည်။

၁၀။ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံအနေဖြင့် မြန်မာ့အရေးအား လက်တွေ့ကျကျ ကူညီဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားကို အလေးထားလျက် အမျိုးသားညီညွတ်ရေးအစိုးရ (**NUG**) အပါအဝင် တော်လှန်ရေး အင်အားစုများ၊ နိုင်ငံရေး အင်အားစုများနှင့် နီးနီးကပ်ကပ် စဉ်ဆက်မပြတ် ဆက်ဆံ ပူပေါင်း ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံ ပြည်သူများ၏ ရေရှည်အကျိုးစီးပွား နှင့် ဒေသအတွင်း တည်ငြိမ် အေးချမ်းမှုကို လိုလားသော အိမ်နီးချင်းကောင်း ပီသမှုကို ပြသရန် အလေးအနက် တိုက်တွန်းပါသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ